ရွှေဘိုကျေးရွာအုပ်စု

သင်တောကျေးရွာ၊ဂန့်ဂေါမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၂၀-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

သင်တောကျေးရွာ၊ဂန့်ဂေါမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်

၂၀၂၀ ခုနှစ်၊ မေလ

# မာတိကာ


မာတိကာ

ကျေးဇူးတင်လွှာ

စကားချီ

သင်တောကျေးရွာသယံဇာတပြမြေပုံ၊ဂန့်ဂေါမြို့နယ်

သင်တောကျေးရွာ ရာသီခွင်ပြဇယား

သင်တောကျေးရွာတွင်းနှင့် ပြင်ပအဖွဲ့အစည်းများရှိမှု

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

(၁) နိဒါန်း -ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီ အနေအထားနှင့် လွှမ်းခြုံသက်ရောက်မှု

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) ကျန်းမာရေးနှင့် အဟာရ

(ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(ဃ) ကျား-မ ရေးရာဆိုင်ရာ

(၄) ကဏ္ဍာအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍာ

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ရေနှင့်ပတ်ဝန်ကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊

သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

အဟန့်အတားနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေသောအခြေအနေကောင်းများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၈-၁၉

(၇) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း

(က) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

(ခ) ငွေကြေးနှင့် ဘဏ်လုပ်ငန်းများ

(ဂ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းပိုင်းဆိုင်ရာအထောက်အပံ့

(ဃ) လမ်းပန်းဆက်သွယ်ရေး

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ဦးစားပေးစီမံချက်များ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်းနောက်ဆက်တွဲ

အပိုင်း(ခ)စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) လူမှုစီးပွားရေး နှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

(၂) သဘာဝအရင်းအမြစ်နှင့်ရာသီဥတုအခြေအနေ

ဇယား ၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

ဇယား ၃ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဇယား ၄ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ဇယား ၅ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၆ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား ၇ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၉ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီပွားရေးလုပ်ငန်းများ

(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

ဇယား ၁၀ ကုန်စည်နှင့် ဝန်ဆောင်မှု ၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား ၁၁ ကျေးရွာလမ်းတည်ရှိမှု အခြေအနေ

ဇယား ၁၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား ၁၃ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား ၁၄ လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား ၁၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ

(၆) ပညာရေး

ဇယား ၁၆ ကျောင်းတက်နှုန်း

ဇယား ၁၇ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ

(၇) ကျန်းမာရေး

ဇယား ၁၈ အဖြစ်များသောရောဂါများ

ဇယား ၁၉ လွန်ခဲ့သော(၁၂)လ အတွင်းကာကွယ်ဆေးထိုးနိုင်မှု

ဇယား ၂၀ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ

ဇယား ၂၁ သောက်သုံးရေရရှိနိုင်မှု

ဇယား ၂၂ အိမ်သာအမျိုးအစား

(၈) ဘေးအန္တရာယ် ထိခိုက်မှု အခြေအနေများ

ဇယား ၂၃ ကျေးရွာ၏ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များအခြေအနေ

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်များ ထိန်းသိမ်းမှု အခြေအနေ

ဇယား ၂၄ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

(၁၀) ကျား-မ ရေးရာ

ဇယား ၂၅ ကျား-မ ရေးရာ

ကိုးကားစာရင်း

**ကျေးဇူးတင်လွှာ**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ခုနှစ်အထိ(၅)နှစ်ကြာအကောင်အထည် ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ရှေးဦးစွာစီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ပါဝင်ဆောင်ရွက်ပေးကြပါသောကျေးရွာသူ-ကျေးရွာသားများ အားလုံးကို လည်းအထူးကျေးဇူးတင်ရှိပါသည်။

**စကားချီး**

ကျွန်ုပ်တို့ကျေးရွာတွင် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စုပေါင်းစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်းအားလုံးပူးပေါင်းပါဝင် ဆောင်ရွက်မှုအားနည်းခဲ့ပါသည်။စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် လိုအပ်ချက်နှင့် အခက်အခဲများတွေ့ရှိခဲ့ရပါသည်။ သို့ပါသော်လည်း ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့အပြင်လိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာသည်မှာ သေချာပါသည်။ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်သည့်အခက်ခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီစအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်ကို ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုပေါင်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများဆက်လက်ရရှိမည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့် တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

**မေလ၊၂၀၂၀**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**

**သင်တောကျေးရွာ၊ ဂန့်ဂေါမြို့**

# သင်တောကျေးရွာသယံဇာတပြမြေပုံ

ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ရွှေဘိုကျေးရွာအုပ်စုအတွင်းရှိ သင်တောကျေးရွာအကွက်ချမြေပုံ



| | |
|---|---|
| မြေပုံညွှန်း | -FA |
| ဧရိယာအကျယ်အဝန်း | - (ဧက) |
| အ.လ.က(ခွဲ) | -၁ကျောင်း |
| တိုက်နယ်ဆေးရုံ | - ခု |
| ဘုန်းကြီးကျောင်း | -၁ကျောင်း |
| ဘုရား/စေတီ | -၁ဆူ |

ရည်ညွှန်းချက်

| | |
|---|---|
| ၁။ကတ္တရာလမ်း | |
| ၂။မြေသား/ကျောက်ချောလမ်း | |
| ၃။ချောင်း/ချောက် | |
| ၄။အဆောက်အဦးများ | |
| ၅။ဘုန်းတော်ကြီးကျောင်း | |
| ၆။ဘုရားစေတီ | |
| ၇။စာသင်ကျောင်း | |
| ၈။ဆေးရုံ/ဆေးခန်း | |

သင်တော ကျေးရွာ ရာသီခွင်ပြဇယား



သင်တောကျေးရွာတွင်းနှင့်ပြင်ပအဖွဲ့အစည်းများရှိမှု(VENNDIAGRAN)



## အပိုင်း(က)

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံတော်အတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ် အသစ်ဖြစ်ကြောင်းသိရှိရပါသည်။

**ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း**

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုနိုင်ငံတော် အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှု စီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့် အကြောင်းရင်းခံချက်များ၊(၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရ အဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေး စီမံချက်ကို မြို့နယ်အဆင့်၊ပြည်နယ်အဆင့် ၊ တိုင်းအဆင့်၊ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ((CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထုအမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက် ရမည့် လုပ်ငန်းများကို ပိုမိုသိရှိ လာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်အား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေး အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ နှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း ပြုလုပ်လာ နိုင်ပါ သည်။

**(ခ) စီမံကိန်း ၏လွှမ်းခြုံသက်ရောက်မှု**

ယခုဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုတွင်း ကျေးရွာလူထုဦးဆောင်ပါဝင် သော လုပ်ကိုင်နည်းဖြင့် စုပေါင်း ရေးဆွဲကြသောကြောင့် အမြင်ရှင်းလင်းမှု ဖြစ်စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ် အတွက်လူထုကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြပါသည်။ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုပါဝင်စုစည်းခြင်း ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်ပါ၍လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း ပေးနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ် သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့်အစီ အစဉ်မျိုးဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် **ဂန့်ဂေါမြို့နှင့် (၃၅) မိုင်ခန့်ကွာဝေးပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ဂန့်ဂေါမြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူ**ပါသည်။ ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိက အသက်မွေး

ဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် မြစ်ချောင်းများရှိသော်လည်း မြေပြင်အနေအထားမှာ လယ်ယာမြေများတွင် စပါးစိုက်ပျိုးရန် မိုးရေကိုသာ အဓိကအားထားကြရသည်။ နှစ်စဉ်ရေကြီးနစ်မြုပ်ခြင်းခံရသောကြောင့် ပျက်စီးမှုများ ကြုံတွေ့ခံစားရသော်လည်း စီးပွားပျက်စီးသည်အထိ မတွေ့ကြုံရပါ။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေများရှိပြီး မြေအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူများမှာ မိုးရေဖြင့်လယ်ယာမြေဧက(၁၂၃၄)ဧကကျော်ကို မိုးသီးနှံအဖြစ်စိုက်ပျိုးကြသည်။ ရာသီပေါ်သီးနှံစိုက်ပျိုးမှုများလည်းရှိသည်။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာ အချက်အလက်များ**

လက်ပန်ကျေးရွာ၏ အိမ်ထောင်စုပေါင်း(၁၉၃)စုနှင့် ကျား(၄၄၃)ဦး၊ မ(၄၂၁)ဦးဖြင့် လူဦးရေပေါင်း (၈၆၄)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှ လူဦး ရေ(၅)ဦးနှုန်းထက်လျော့နည်းပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ အများဆုံး နေထိုင်ပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေမှာ လူဦးရေပေါင်း၏၇၀% ခန့် ရှိသဖြင့် လူသားအရင်းအမြစ် ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင်စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသားဦးရေ ထက်ပိုမိုများသည်။

**(ခ) ကျန်းမားရေးနှင့်အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝကြပါသည်။ ကလေးငယ်အများစုမှာလည်း ကျန်းမာကြပါသည်။ ကျေးရွာအနီးရှိ မြောက်ခင်ရန်း ကျေးရွာတွင် တိုက်နယ်ဆေးရုံရှိသဖြင့် ကျန်းမားရေးစောင့်ရှောက်မှု အဆင်ပြေပါသည်။ ဆီးချိုသွေးတိုးရောဂါ ဖြစ်သူများအနည်းငယ်ရှိသည်ကိုလေ့လာ တွေ့ရှိရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်းမှု အသိအမြင်များ ရှိကြပါသည်။ ကျေးရွာတွင်သောက်သုံးရေအတွက် တွင်းရေကိုသာ အသုံးပြုကြပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်သွားသည်နှင့် အခြားဆိုးသောရောဂါ ဖြစ်ပွားမှု နည်းကြောင်း လေ့လာတွေ့ရှိရသည်။

**(ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

ကျေးရွာရှိပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရပါသည်။ ကျေးရွာသူ/သားအများစုလိုလို အရေးအဖတ်ကျွမ်းကျင်ကြပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်း(ခွဲ)ရှိပြီး ကျောင်းဆောင်နှင့် ကျောင်းဆရာ/မ လုံလောက်မှုမရှိပါ။ ပညာအရည်အချင်း တတ်မြောက်မှု အသင့်အတင့်ရှိပြီး အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းမရှိပါ။ ကျေးလက်ဒေသစီးပွါးရေး အဆင်မပြေမှုများကြောင့် တက္ကသိုလ်ပညာပြီးဆုံးသူ နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ကျား-မရေးရာဆိုင်ရာ**

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာတွင် လူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ကျေးရွာတွင် ကျား-မ ကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း များမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမာန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင် ပါသည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခများမှာ အမျိုးသား/သမီး တန်းတူမရရှိကြပါ။ ကျား-မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

**၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် ရပ်မိရပ်ဖ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသားအမျိုးသမီး၊ မီးသတ်၊ ဓမ္မစကူလ်း၊ နာရေးကူညီမှုအသင်းတို့ရှိသည်။ အဖွဲ့အစည်းများအားလုံး စွမ်းဆောင်နိုင်မှု ကောင်းမွန် ပါသည်။ ကျေးရွာရှိအဆိုပါ အဖွဲ့အစည်းများမှာ ကျေးရွာ၏ သာရေး၊နာရေးနှင့် အခြားသော ပရဟိတလုပ်ငန်းများတွင် အတူတကွ စုပေါင်းလုပ်ကိုင်ကြပါသည်။

**(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေး ကဏ္ဍ**

ကျေးရွာတွင် မိုးစပါး၊ပဲနှင့်နှမ်းကို အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၇၈၈)ဧကနှင့် ပဲ၊နှမ်း (၄၄၆) ဧကတို့ကို စိုက်ပျိုးကြသည်။ မိုးစပါးပျှမ်းမျှအထွက်နှုန်းမှာ တင်း(၉၀) ခန့်ထွက်ရှိပါသည်။ တောင်သူအများစု သည် လယ်ယာလုပ်ငန်းအတွက် အလုပ်သမားရှားပါးမှုနှင့် ပြည့်စုံလုံလောက်သော လုပ်အားခမပေးနိုင်ခြင်းပြဿနာကို ရင်ဆိုင်ရသည်။ ကုန်ကျစရိတ်မြင့်တက မှုတို့ကို ကျော်လွှားနိုင်ရန် နည်းစနစ်များလိုအပ်ပါသည်။ နှစ်စဉ်ရေကြီးရေလျှံမှုသည် စိုက်ပျိုးမှုများအတွက် အရေးကြီးသော ပြဿနာတစ်ရပ်ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင်ဒေသထွက်မျိုးရင်းများ ဖြစ်သောဝက်တို့ကိုသာမွေးမြူကြသည်။ ရာသီအလိုက်ဖြစ်တက်သော ရောဂါများကြောင့် သေဆုံးပျက်စီးမှုများ ရှိပါသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရရှိနိုင်ပါသည်။ သို့သော်ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှုအားနည်းပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင်အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထား တွင်ရှိသည်။ လက်လုပ်လက်စားလုပ်ငန်းများမှာ စိုက်ပျိုးရာသီများတွင်သာအလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးပါသည်။ ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ

ဝန်ဆောင်မှုများမရှိခြင်း၊ အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးပါသည်။ အသက်မွေး ဝမ်းကျောင်းနည်းပညာသင်တန်းများဖွင့်လှစ်ပေးပါက အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးတက်လာမည်ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ စီမံခန့်ခွဲမှု**

ကျေးရွာ၏ စိုက်ပျိုးမြေများသည် မြေဆီလွှာအသင့်အတင့်ကောင်းမွန်သော်လည်း ပိုးသတ်ဆေးနှင့် ဓာတုဓာတ်မြေသြဇာသုံးစွဲမှုများသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်ပါသည်။ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံ၊ ကော်များ စနစ်တကျ စွန့်ပစ်မှုမရှိသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အငိပညာပေးရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာ၏ လယ်ယာမြေများသည် ရေကြီးလွှမ်းမိုးမှုကို အနည်းငယ်ကြုံတွေ့ရသည်။ နှစ်စဉ်ဖြစ်ပေါ်နေသော ရေကြီးမှုသည်လည်း သဘာဝဘေးတစ်ခုအဖြစ်တည်ရှိနေဆဲဖြစ်သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

သင်တောကျေးရွာအနေဖြင့် ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများအနေဖြင့် သမဝါယမချေးငွေ၊ စိုက်ဘဏ်ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ချေးယူအသုံးပြု၍ ရသော်လည်း ပြည့်စုံလုံလောက်မှုမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

**(စ) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

သောက်သုံးရေအတွက် တွင်းရေကိုသာ အသုံးပြုကြရပြီး လုံလောက်မှု ရှိပါသည်။ အိမ်ထောင်စုများသည် ယင်လုံအိမ်သာများကိုဆောက်လုပ်သုံးစွဲကြပါသည်။ တစ်ရွာလုံး ယင်လုံအိမ်သာသုံးစွဲကြပါသည်။ထို့ကြောင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ ဘုန်းတော်ကြီးကျောင်းတွင် လုံလောက်သောအိမ်သာများကို စနစ်တကျ ဆောက်လုပ်ထားပါသည်။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

လူငယ်များအတွက် ကျေးရွာတွင်အပန်းဖြေအနားယူ နိုင်သည့်နေရာ သီးသန့်မရှိပါ။ ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်းစိတ်ပါဝင်စားစွာ ဆင်နွှဲကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြပါသည်။ လူငယ်များ အပန်းဖြေအနားယူရန်အတွက် အားကစားကွင်းဖော်ဆောင်ပေးရန် လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဇ) အခြေခံအဆောက်အဦး -လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

သင်တောကျေးရွာ၏ ရွာတွင်းရှိလမ်းများမှာ မြေသားလမ်းများဖြစ်ပါသည်။ ခရီးသွားလာရာတွင် ကုန်းလမ်းကိုသာအသုံးများ၍ ဆိုင်ကယ်၊ ကားများ ဖြင့်သွားလာကြပါသည်။ ကလေး-ဂန့်ဂေါ

ကားလမ်းမှ သင်တောကျေးရွာအဝင်လမ်းနှင့် ရွှေဘို-သင်တော ရွာချင်းဆက်လမ်းအား ပြုပြင်ပေးရန် လိုအပ်လျက်ရှိပါသည်။ သင်တောကျေးရွာရှိ အိမ်ထောင်စုအများစုသည် လျှပ်စစ်မီးကိုသာ အသုံးပြုကြသည်။ ကျေးရွာတွင်မိုဘိုင်းဖုန်း ဆက်သွယ်ရေးကိုလက်လှမ်းမီစွာ အသုံးပြုနိုင်ကြပါသည်။ အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ရှိပြီး သတင်းအချက်အလက် ချိတ်ဆက်မှုများအတွက် များစွာအသုံးဝင်ပါသည်။ ကျေးရွာအနီးတွင် တာဝါတိုင်တည်ဆောက်လျက်ရှိပြီး တည်ဆောက်ပြီးစီး ပါက ပိုမိုအဆင်ပြေစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝင်မှုဖြစ်ပွားခြင်းနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်နှင့် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိသေးပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားမှုနည်းပါးသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ**

ကျေးရွာတွင် လူငယ်များရှိပြီး လူဦးရေအားလုံး၏ (၇၀)ရာခိုင်နှုန်းသည် အလုပ်လုပ်နိုင်သော အရွယ်များဖြစ်ကြသည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန် ကျွမ်းကျင်မှုနှင့် အသက်မွေး ဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်ပေးခြင်းဖြင့် တိုးတက်လာနိုင်စေ ပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှ ယေဘုယျအားဖြင့် ကောင်းမွန်ကြပြီး ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသော်လည်း မြောက်ခင်ရန်းကျေးရွာ တိုက်နယ်ဆေးရုံမှ ကျန်းမာရေးပံ့ပိုး ပေးသော ဝန်ဆောင်မှုများကို အလွယ်တကူ လက်လှမ်းမီနိုင်ကြပါသည်။ ဆေးကုသမှုအတွက် မြောက်ခင်ရန်းတိုက်နယ်ဆေးရုံနှင့် ဂန့်ဂေါမြို့ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသကြ ပါသည်။

သဘာဝအရင်းအမြစ်များအနေဖြင့် လယ်ယာများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသင့် ကောင်းမွန် ပါသည်။ တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။

ကျေးရွာတွင် ရာဇဝတ်ဖြစ်ပွားမှုနည်း ပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည်မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး သတင်းအရင်းအမြစ်အချက်အလက်များကို လွယ်ကူစွာသိရှိနိုင် ပါသည်။ အင်တာနက်လိုင်းကို ကောင်းမွန် စွာအသုံးပြုနိုင် ပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

ကျေးရွာလူထု အားလုံးပူးပေါင်းပါဝင်ပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများ ရရှိခြင်းမှ ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားတိုးတက် ရရှိလာစေရမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရေး နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာ လူထုသည် သက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် စီးပွားရေးအုပ်စုများဖွဲ့ပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှ တဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာစေရမည်။

(က.၄) ကျွန်ုပ်တို့ ကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦး များ ဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက်ပြီးကောင်းမွန်သော ဈေးကွက်ကြီးကို ဖန်တီးတည်ဆောက်မည်။

(က.၅) ကျွန်ုပ်တို့သည် ဖြစ်ပေါ်လာနိုင်သော သဘာဝ ဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးများ ကိုချမှတ်ပြီးကျေးရွာသူ/သားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်မည်။

(က.၆) ကျွန်ုပ်တို့သည် ခေတ်မီလယ်ယာများဖော်ထုတ်ပြီး အရည်အသွေးမြင့် စိုက်ပျိုးရေး ထုတ်ကုန် များထုတ်လုပ်မည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှလည်း အထောက်အပံ့ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေး စီမံချက်ကို ပြင်ဆင်ရန်ဖြစ်ပါသည်။

**(က) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး**

ကျေးရွာတွင် စပါး၊ပဲနှင့်နှမ်းကိုသာ အဓိကထားစိုက်ပျိုး ပါသည်။ ရေကြီးနစ်မြုပ်မှုနှင့် သဘာဝဘေးဒဏ်ကာကွယ်ရန် ခေတ်မီလယ်ယာ ဖော်ထုတ်ခြင်းနှင့် ရေစီးရေလာကောင်းမွန်အောင် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရပါမည်။ ဖျက်ပိုးများ အန္တရာယ်အတွက်လည်း နှိမ်နင်းရေးဝန်ဆောင်မှုများ လိုအပ်နေပါသည်။ စပါးဈေး နှုန်းကျဆင်းမှုကြောင့်တောင်သူများ အရှုံးနှင့် ရင်ဆိုင် ရပါသည်။ စိုက်ပျိုးနိုင်သောမြေနေရာများ ရှိပြီး ဝင်ငွေကောင်းမွန်သော စိုက်ပျိုးရေးများ လုပ်ဆောင်နိုင်ရန် နည်းပညာများနှင့် ဈေးကွက် ဖော်ဆောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပြည်သူတို့ပူးပေါင်း ဆောင်ရွက်သင့်ပါသည်။

**(ခ) ငွေကြေးနှင့်ဘဏ်လုပ်ငန်းများ**

သင်တောကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုအနေဖြင့် သမချေးငွေ၊ စိုက်ဘဏ်ချေးငွေ ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် အလွယ်တကူချေးငွေရရှိနိုင် ပါသည်။

**(ဂ) ကျေးလက်အသေးစား စက်မှုလက်မှု လုပ်ငန်းပိုင်းဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းများ ရရှိပါမည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ(ကုန်ထုတ်ခြင်း၊စက်မှုလက်မှုလုပ်ငန်းများ) အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ လုပ်နိုင်ရန် အခွင့်အလမ်းများရှိနေပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု တည်ထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲမှုအောက်တွင်တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်အချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

**( င) လမ်းပန်းဆက်သွယ်ရေး**

ကျေးရွာရွာတွင်းလမ်းများမှာ မြေသားလမ်းများကိုလည်းစနစ်တကျ ခင်းကျင်းလျက်ရှိပါသည်။ ပြောင်းလဲတိုးတက်မှုနှင့်အတူ လမ်းများဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကလေး-ဂန့်ဂေါကားလမ်းမှ သင်တောကျေးရွာအဝင်လမ်းနှင့် ရွှေဘို-သင်တောကျေးရွာချင်းဆက်လမ်းအား ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

**၈။ စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်မည့် အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်း ဆောင်ရွက်မှုများအဖြစ်သဘောထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာစီ မံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များသို့ ရောက်ရှိရန် ပါဝင်ပေးမည့်ဖွံ့ဖြိုး ရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလက ဖော်ထုတ်ဦးစားပေး တန်းစီးခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များ အတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း

ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာ မြောက် မူဘောင်အတွင်းနှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထု မှ နှစ်သက်ရာအမှတ်ပေးအဆင့် ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာန ဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများ ထံမှလည်း နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။

နှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်(သင်တောကျေးရွာ)

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | မီးသဂြိုလ်ဆောင်တည်ဆောက်ရန် | ၁ | | | ✓ | | |
| ၂ | စာကြည့်တိုက်ဆောက်လုပ်ရန် | ၂ | | ✓ | | | |
| ၃ | စာသင်ကျောင်း အုတ်တံတားကာရန် | ၃ | ✓ | | | | |
| ၄ | ရွာချင်းဆက်လမ်းပြုပြင်ရန်(ရွှေဘို-သင်တော) | ၄ | | | | ✓ | |
| ၅ | ချဉ်းကပ်လမ်း(ကလေး–ဂန့်ဂေါကားလမ်းမှ) | ၅ | | | | | ✓ |

## ဦးစားပေးစီမံချက်များ(သင်တောကျေးရွာ)

| ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးရွာအဆောက်အဦ ကဏ္ဍ | ၁။ကျေးရွာကျန်းမာသန့်ရှင်းရေးအခြေခံ လိုအပ်ချက်ပြည့်မှီအောင်ဆောင်ရွက်ချက် | ၈၇ | ၁ | မီးသင်္ဂြိုလ်ဆောင်တည်ဆောက်ရန် | |
| | ၂။ပညာရေးကဏ္ဍကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၅၆ | ၆ | ကျောင်းဆောင်သစ်ဆောက်လုပ်ရန် | |
| | ၃။ပညာရေးကဏ္ဍကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၇၈ | ၃ | စာသင်ကျောင်းအုတ်တံတိုင်းကာရန် | |
| | ၃။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၆၀ | ၄ | ရွာချင်းဆက်လမ်းပြုပြင်ရန် (ရွှေဘို-သင်တော) | |
| | ၄။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၆၀ | ၅ | ချဉ်းကပ်လမ်း(ကလေး-ဂန့်ဂေါကားလမ်းမှ) | |
| | ၅။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၅၅ | ၇ | တံတားပြုပြင်ရန် | |
| စိုက်ပျိုးရေးကဏ္ဍ | ၁။ စိုက်ပျိုး ရေးကဏ္ဍတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၃၈ | ၁၁ | စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့်များရရှိရန် | |
| | ၂။ စိုက်ပျိုး ရေးကဏ္ဍတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၅၄ | ၈ | ကုန်ထုတ်လမ်းဖောက်လုပ်ပေးရန် | |
| အသက်မွေးဝမ်းကျောင်းကဏ္ဍ | ၁။လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း | ၄၃ | ၉ | အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ရန် | |
| လူငယ်ကဏ္ဍ | ၁။လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း | ၈၀ | ၂ | စာကြည့်တိုက်ဆောက်လုပ်ရန် | |

**ဦးစားပေးစီမံချက်များ(သင်တောကျေးရွာ)**

| ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | ၁။လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း | ၄၀ | ၁၀ | အားကစားကွင်းဖော်ဆောင်ပေးရန် | |
| မွေးမြူရေးကဏ္ဍ | မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း | ၂၉ | ၁၂ | မွေးမြူရေးနည်းပညာကောင်းများ ရရှိရန် | |

## ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား( သင်တောကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | ● ကျေးရွာ နာရေး ကိစ္စများတွင် ခက်ခဲမှု ရှိခြင်း | ● ကျေးရွာတွင် မီးသဂြိုလ်စက် မရှိခြင်း | ● ကျေးရွာမှ စည်းလုံး ညီညွတ်မှု ရှိခြင်း | ● ကျေးရွာမှ ဦးဆောင်မည့် သူ မရှိခြင်း၊နည်းပညာပိုင်း ဆိုင်ရာ အကူအညီလိုအပ်ခြင်း | ● သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ခြင်း | ● မီးသဂြိုလ်ဆောင် တည်ဆောက်ရန် |
| ၂ | ● လူငယ်များ ဗဟုသုတ အားနည်း ခြင်း | ● ဗဟုသုတ ဆည်းပူးရန်ကျေးရွာတွင် စာကြည့်တိုက်မရှိခြင်း | ● ကျေးရွာမှလုပ်အား ထည့်ဝင်နိုင်ခြင်း၊ ကျေးရွာ စည်းလုံးမှု ရှိခြင်း | ● ကျေးရွာတွင်ဆင်းရဲသော အိမ်ထောင်စုများသောကြောင့် ငွေကြေးမတတ်နိုင်ခြင်း၊ နည်းပညာ အကူအညီ လိုအပ်ခြင်း | ● သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ● စာကြည့်တိုက်ဆောက်လုပ်ရန် |
| ၃ | ● ကျောင်းသားလူငယ် များ၏ ကျောင်းဝန်း အတွင်း လုံခြုံမှုအားနည်းခြင်း | ● ကျေးရွာစာသင်ကျောင်း အုတ်တံတိုင်း မရှိခြင်း | ● ကျေးရွာမှလုပ်အား ထည့်ဝင်နိုင်ခြင်း၊ ကျေးရွာ စည်းလုံးမှု ရှိခြင်း | ● ကျေးရွာတွင်ဆင်းရဲသော အိမ်ထောင်စုများသောကြောင့် ငွေကြေးမတတ်နိုင်ခြင်း၊ | ● သက်ဆိုင်ရာ ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ● စာသင်ကျောင်း အုတ်တံတိုင်းကာရန် |
| ၄ | ● ဆက်သွယ်သွားလာရေးခက်ခဲခြင်း | ● မြေသားလမ်းဖြစ်သည့်အတွက်ရာသီ မရွေးသွားလာရန် ခက်ခဲခြင်း | ● ကျေးရွာမှလုပ်အားဖြင့် ထည့်ဝင်နိုင် ခြင်း၊ကျေးရွာ အနီးတွင် မြေနီကျောက် စရစ်များရှိခြင်း | ● ကျေးရွာတွင်ဆင်းရဲသော အိမ်ထောင်စုများသောကြောင့် ငွေကြေးမတတ်နိုင်ခြင်း နည်းပညာအကူအညီ လိုအပ်ခြင်း | ● သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ခြင်း | ● ရွာချင်းဆက်လမ်းပြုပြင်ရန် (ရွှေဘို-သင်တော) |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၅ | ● ကားလမ်းပေါ်သို့ သွားရာလမ်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | ● ်မြေသားလမ်းဖြစ်သည့်အတွက်ရာသီမရွေးသွားလာရန် ခက်ခဲခြင်း | ● ကျေးရွာမှလုပ်အားဖြင့် ထည့်ဝင်နိုင် ခြင်း၊ကျေးရွာအနီးတွင် မြေနီကျောက်စရစ်များရှိခြင်း | ● ကျေးရွာတွင်ဆင်းရဲသော အိမ်ထောင်စုများသောကြောင့် ငွေကြေးမတတ်နိုင်ခြင်းနှင့် နည်းပညာအကူအညီ လိုအပ်ခြင်း | ● သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ● ချဉ်းကပ်လမ်း(ကလေး-ဂန့်ဂေါလမ်းမမှ) |
| ၆ | ● ကျောင်းသားလူငယ်များ ပညာသင်ကြားရာတွင် နေရာခက်ခဲခြင်း | ● စာသင်ကျောင်းဆောင် မလုံလောက်ခြင်း | ● ကျေးရွာမှစိတ်အား ထက်သန်မှုရှိခြင်း | ● ဦးဆောင်မှု အားနည်းခြင်း | ● သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ● ကျောင်းဆောင်သစ် ဆောက်လုပ်ရန် |
| ၇ | ● လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း | ● ရွာမှ အဓိက သွားလာရသည့် တံတား မကောင်းခြင်း | ● ကျေးရွာမှစည်းလုံး မှုရှိခြင်း၊ပူးပေါင်းဆောင်ရွက်နိုင်မှု ရှိခြင်း | ● ကျေးရွာမှငွေကြေး ဆောင်ရွက်နိုင်မှု အားနည်းခြင်း | ● သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ● တံတားပြုပြင်ရန် |
| ၈ | ● စိုက်ပျိုးသီးနှံများ ဈေးကွက်သို့ တင်ပို့ရောင်းချရန် ခက်ခဲခြင်း | ● ကုန်ထုတ်လမ်း မကောင်းခြင်း | ● ကျေးရွာမှစိတ်အား ထက်သန်မှုရှိခြင်း | ● ကျေးရွာမှ ငွေကြေးအင်အား နည်းပါးခြင်းနှင့် ဦးဆောင်မှု အားနည်းခြင်း | ● ကျေးလက်ဦးစီး ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ● ကုန်ထုတ်လမ်းဖောက်လုပ်ရန် |
| ၉ | ● အလုပ်အကိုင် အခွင့်အလမ်းနည်းခြင်း | ● အသက်မွေးဝမ်းကျောင်း ပြုလုပ်ရန် သက်မွေးပညာရပ်များ တတ်မြောက်မှု အားနည်းခြင်း | ● ကျေးရွာတွင် လူငယ်လူလတ်များရှိခြင်း၊သက်မွေးပညာရပ်များ သင်ကြား ရန် စိတ်ဝင်စား မှု ရှိခြင်း | ● ကျေးရွာရှိတာဝန်ရှိ လူကြီးများ အနေဖြင့် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်မှု အားနည်းခြင်း | ● ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်နိုင်ရေးချိတ်ဆက်ဆောင်ရွက်ရန် | ● အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးရန် |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှုများ | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁၀ | ●လူငယ်များ အားကစား ကဏ္ဍ လှုပ်ရှားမှု အား နည်း ခြင်း | ●ကျေးရွာရှိ ဘောလုံးကွင်းသည်ဘောလုံးကစားရန်သင့်တော်မှုမရှိခြင်း ၊ ပျက်စီးနေ ခြင်း | ●ကျေးရွာလူငယ်များသည် အားကစား ကဏ္ဍအား စိတ်ဝင်စားမှုရှိခြင်း | ●ကျေးရွာလူငယ်များအနေဖြင့် ဦးဆောင်မည့်သူမရှိခြင်း၊ ခေါင်းဆောင်မှုပိုင်းအားနည်းခြင်း | ●သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ●အားကစားကွင်း ဖော်ဆောင်ပေးရန် |
| ၁၁ | ● စိုက်ပျိုးသီးနှံများ ထွက်နှုန်းမကောင်းခြင်း | ●မျိုးမသန့်ခြင်း | ●ကျေးရွာတောင်သူများ အနေဖြင့် စည်းလုံးမှု ရှိခြင်း ၊လုပ်ကွက်ကောင်းများရှိ ခြင်း | ●စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မှု မရှိခြင်း | ● စိုက်ပျိုးရေးဌာနနှင့် ချိတဆက်၍ မျိုးကောင်းမျိုးသန့်များရရှိရေးဆောင်ရွက်ရန် | ●စိုက်ပျိုးရေး မျိုးကောင်း မျိုးသန့်များရရှိရန် |
| ၁၂ | ●မွေးမြူရေး လုပ်ငန်း များ ဖြစ်ထွန်းအောင်မြင်မှု နည်းပါးခြင်း | ●မွေးမြူရေး နည်းပညာများ နှင့် ပတ်သက်၍ ဗဟုသုတ အားနည်းခြင်း | ●ကျေးရွာရှိ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများ အနေဖြင့်စုပေါင်း ဆောင် ရွက် လိုစိတ်ရှိခြင်း | ●ဦးဆောင်မည့်သူ မရှိခြင်း ချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်း | ●မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ●မွေးမြူရေးနည်းပညာ ကောင်းများ ရရှိရန် |

နောက်ဆက်တွဲ(၂)

## ရွှေဘိုကျေးရွာအုပ်စု၊ သင်တောကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးအေးမြင့်နိုင် | ဦးခင်သောင်း | ၈/ဂဂန(နိုင်) ၁၀၂၅၄၃ | ၅၂ | ဥက္ကဋ္ဌ | 09–451005350 | |
| ၂ | ဦးထွန်းဇော်ဝင်း | ဦးလူဝ | ၈/ဂဂန(နိုင်) ၁၀၈၀၅၃ | ၄၃ | ငွေစာရင်းကိုင် | 09–269971257 | |
| ၃ | ဒေါ်ယဉ်ယဉ်အေး | ဦးသာချို | ၈/ဂဂန(နိုင်) ၁၀၈၀၅၃ | ၃၄ | ဘဏ္ဍာရေးမှူး | | |
| ၄ | ဦးစံပြူး | ဦးမဲကျော် | ၈/ဂဂန(နိုင်) ၀၈၅၂၀၆ | ၄၅ | အဖွဲ့ဝင် | | |
| ၅ | ဦးမြင့်ထွေး | ဦးကျော်ညွန့် | ၈/ဂဂန(နိုင်) ၀၅၈၁၀၆ | ၄၀ | အဖွဲ့ဝင် | 09–401664562 | |
| ၆ | ဒေါ်နိုင်နိုင်ဝင်း | ဦးမြင့်လွင် | ၈/ဂဂန(နိုင်) ၀၉၄၆၁၄ | ၄၇ | အဖွဲ့ဝင် | | |
| ၇ | ဒေါ်ဝင်းတုတ် | ဦးကျော်ဖေ | ၈/ဂဂန(နိုင်) ၀၈၂၄၀၁ | ၄၇ | အဖွဲ့ဝင် | | |

# အပိုင်း(ခ)

## ကျေးရွာဆိုင်ရာအချက်အလတ်များ

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ

**ကျေးရွာ** - ရွှေဘို
**ကျေးရွာအုပ်စု** - သင်တော
**မြို့နယ်** - ဂန့်ဂေါမြို့
**တိုင်းဒေသကြီး / ပြည်နယ်** - မကွေးတိုင်းဒေသကြီး

**စီမံချက်အမည်** - စာသင်ကျောင်းအုတ်တံတိုင်းကာခြင်း (၈၀၀'×၅')

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ကျောင်းဝိုင်းခြံစည်းရိုးမလုံခြုံခြင်းကြောင့် ကျောင်းဝိုင်းအတွင်းရှိအဆောက်အအုံများ ပရိဘောဂများ လုံခြုံမှုမရှိခြင်းဖြစ်ပေါ်လျက်ရှိပါသည်။
- ကျောင်းဝိုင်းခြံစည်းရိုးမလုံခြုံခြင်းကြောင့် ကျောင်းအင်္ဂါရပ်နှင့် အညီ လုံခြုံအောင်ကာရံခြင်းဖြစ်ပါသည်။
- ကျောင်းဝိုင်းခြံစည်းရိုးလုံခြုံ ကျောင်းသား/သူများ လုံခြုံစွာ ပညာသင်ကြားနိုင်ရန်ဖြစ်ပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျောင်းသားကျောင်းသူများ လုံခြုံစွာဖြင့် ပညာသင်ကြားနိုင်စေရန်၊
- အလယ်တန်းကျောင်းခွဲ အင်္ဂါရပ်နှင့်အညီ ကျောင်းဆောင်များရရှိစေရန်၊

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကျောင်းဝိုင်းခြံစည်းရိုးကာရံပြီးပါက ကျောင်းသားကျောင်းသူများ လုံခြုံစွာဖြင့် ပညာသင်ကြားနိုင်မည်။
- ကျောင်းဝိုင်းခြံစည်းရိုးကာရံပြီးပါက အလယ်တန်းကျောင်းခွဲ အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- သင်တောကျေးရွာစာသင်ကျောင်းအုတ်တံတိုင်းကာခြင်း (၈၀၀'×၅')

**စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု**

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • ၂၀၀၀၀၀၀ (ငွေသား) | • ကျေးရွာ |
| • ___________ (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၄၄၃ | ၄၂၁ | ၈၆၄ | ၂၁ | ၅၉ | ၈၈ | ၂၅ | ၁၉၃ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၄၄၃ | ၄၂၁ | ၈၆၄ | ၂၁ | ၅၉ | ၈၈ | ၂၅ | ၁၉၃ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- သင်တောကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** - ၂၀၂၀ခုနှစ်၊ဧပြီလ

**(၃) စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၂၀ ခုနှစ်၊မေလ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- **သင်တောကျေးရွာ ကျောင်းခြံစည်းရိုးအုတ်တံတိုင်းကာရံရာတါင်**ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- ကျောင်းခြံစည်းရိုးအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျောင်းသားမိဘများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၁ | ၄ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၁ | ၈ | ၁၉ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၅ | ၂၃ | ၄၈ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၄ | ၂၈ | ၆၂ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၁၉ | ၃၁၀ | ၆၂၉ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၅၁ | ၄၃ | ၉၈ | | |
| စုစုပေါင်း | | ၄၄၃ | ၄၂၁ | ၈၆၄ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၁၉၃ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စုသနှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)
နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅)
နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)
နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅)
နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅)
နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅)
နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။ သင်တောကျေးရွာအနေဖြင့် ကျားမအချိုးမှာ အမျိုးသားဦးရေသည် အမျိုးသမီးဦးရေ ထက်ပိုများပါသည်။ မြန်မာနိုင်ငံပျမ်းမျှလူဦးရေအောက် လျော့နည်းပါသည်။ ကျေးရွာသည် စိုက်ပျိုးရေး ကို အဓိကလုပ်ကိုင်သော ကျေးရွာဖြစ်သဖြင့် ကုန်ထုပ်လမ်းများဖောက်လုပ်ပေးခြင်း၊ မျိုးကောင်းမျိုးသန့် များရရှိအောင်ဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ သက်ကြီးရွယ်အိုများ ရှိသောကြောင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းရန်လိုအပ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၁၅ | ၈၆၀ | | ၄၀၀ | ၄၆၀ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုရွေးချယ်စရာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
